
ကွမ်းစက
သုမောင်
ကွမ်းစကားပေါင်းချုပ် ၂

[ ၄၁ ]

# အကျိုးအပဲ့

"မခင်ညို သိပ်ကိုကံကောင်းတာပဲ" ဟု ကျွန်တော်တို့ မိခင်ကြီး ဒေါ်ခင်ညိုကို သူ့မိတ်ဆွေများက ဆိုကြပါသည် ။

ကျွန်တော်က ကျွန်တော့်တို့ မိခင်ကြီးဟု 'တို့ ' တစ်လုံး အပိုသုံးလိုက်ရခြင်းမှာ မောင်ဝဏ္ဏ၊ မောင်ဗလ(သုမောင်)၊ မောင်ရူပနှင့် မောင်ဉာဏ်ပေါ်(မင်းလူ)တည်းဟူသောအနုပညာသည် လေးဦးကို ရည်ညွှန်းလိုသောကြောင့် ဖြစ်ပါသည် ။

အမေ့မိတ်ဆွေများက "သိပ်ကို ကံကောင်းတာပဲ" ဟု ဆိုကြရာ၌ လည်း ကျွန်တော်တို့ ညီအစ်ကိုတစ်စု၏ ဂုဏ်ကို ကိုးကား၍ ဆိုလိုကြသည် က များ ပါသည် ။ ဟုတ်တော့လည်း ဟုတ်ပေသားပင်။ အမေသည် အဖေ(ဦးသာမု)ကဲ့သို့သော လူတော်တစ်ယောက်ကို ရခဲ့ပြားလည်း အိမ်ထောင်သက်လမ်းခုလတ်တွင် အဖေနောက်အိမ်ထောင်ပြုသဖြင့်ကံမကောင်းခဲ့ရဟု ဆိုဖွယ်ရှိသည် မဟုတ်ပါလား။ အဖေသည် အမေ့ပေါ် ပစ်ပစ်ခါခါမရှိခဲ့သော်လည်း မိန်းမသားတို့ သဘာဝ အိမ်ထောင်ရေးလမ်းကြောင်း ပြတ်တောက်သွားရသည့် အတွက်ကား ထိခိုက်မည်မလွဲပါ။ သည် တော့

မွေးထားသော သားလေးယောက်ကို အားကိုးလာသည် ။ သားများကလည်း ငွေကြေးချမ်းသာသူများ မဟုတ်စေကာမူ ပညာနှင့် ကျော်ကြားမှု ချမ်းသာကြ၏။ ဒါသည် ပင် ဂုဏ်တစ်ပါးဖြစ်လေရာ အမေ ကံကောင်းသည် ဆိုကြခြင်းမှာ သင့်တော်ပေ၏။ ပြီးတော့ အဖေက ရုပ်ရှင်သမား၊ စာပေသမား၊ ဂီတသမား။ အဖေ့ခြေရာ ဆိုပါစို့။

တိုက်ကြီးတာကြီးနှင့် မော်တော်ကားကြီးတွေ တဝီဝီနှင့် တနင့်တပိုး မထားနိုင်သော်လည်း အမေ မျက်နှာမငယ်စေခဲ့ကြရပါ။

ရိုးရိုးသားသားပြောကြကြေးဆိုလျှင် ငွေကြေးဓနေ၊ ရာထူးဂုဏ်သိမ်သရေတွေထက်ပညာဂုဏ်သည် လူ့ပတ်ဝန်းကျင်တွင် ပို၍ တွင် ကျယ်သည် မဟုတ်ပါလား။

ဒါကြောင့် ပင် ကျွန်တော့်အမေအား သူ့မိတ်ဆွေများ ၊ ဆွေမျိုးသားချင်းများကအားကျခြင်း၊ ဂုဏ်ယူခြင်း ဖြစ်ကြရလေသည် ။

“မခင်ညိုရယ် ညည်းယောက်ျားလည်း အကယ်ဒမီရတယ်။ ဟော သားနှစ်ယောက်လည်း အကယ်ဒမီရကြပြန်ပြီ။ ကံကောင်းပုံများ နှယ်နော်” ဟု ချီးကျူးကြသူများကို အမေက-

“ဟဲ့ စာဆိုကတော်၊ စာဆိုမိခင်ဖြစ်ပြီးတော့မှ ဒါတွေက အသေးအဖွဲပေါ့အေ” ဟု ထပ်ဆင့်ဂုဏ်ယူစကားကို လေနုအေးဖြင့် ပြန်ပြောတတ်ပါသည် ။ သည် လို ဂုဏ်ယူဝင့်ကြွားခြင်းအတွက်လည်း ပတ်ဝန်းကျင်က ကျေနပ်လက်ခံကြပါ၏။

မည်သို့ပင်ရှိစေ အမေအို ကံကောင်းသည် ဟု ဆိုရာ၌ ကျွန်တော့်အမြင်မှာ တော့ တစ်မျိုးဖြစ်ရပါသည် ။ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေကြောင့် ကံကောင်းသည် မှာ တစ်ပိုင်းမှန်သော်လည်း အခြားကံကောင်းချက်များ လည်း ရှိနေပြန်ပါသည် ။ ကျွန်တော်တို့ နှင့်

ပတ်သက်၍ ဖြစ်ပါသည် ။

* * *

ကျွန်တော်တို့ သည် ငယ်စဉ်ကတည်းက သွေးရင်းသားရင်းများ ထက် အပေါင်းအသင်းသူငယ်ချင်းများကို ပို၍ သံယောဇဉ်ရှိတတ်ကြသော သဘာဝရှိခဲ့ကြပါသည် ။ ညီအစ်ကိုလေးယောက်တွင် ပင်ကိုစိတ်ထားနှင့် သဘာဝလေးမျိုးကွဲလာခဲ့သောကြောင့် အပေါင်းအသင်းလည်း လေးအုပ်စုကွဲခဲ့ရပါသည် ။ သို့သော် အပေါင်းအသင်းကို ကျွေးမွေးပြီး ပေါင်းသင်းတတ်ခြင်း၌ တူညီနေပြန်သဖြင့် သူငယ်ချင်းကောင်းများကိုသာ ရတတ်နေကြပြန်ပါသည် ။ ကျွန်တော်တို့ ၏ သူငယ်ချင်းများကား တစ်ယောက်တစ်မျိုး ကောင်းကြသည် ဟု ဆိုနိုင်ပါသည် ။

လူ့သဘာဝအတိုင်း အရွယ်ရောက်၍ အိမ်ထောင်ကျပြီး ကိုယ့်ဘဝကိုယ်ရုန်းကြပြီဆိုသောအခါ၌ အနေဝေးခြင်း၊ သဘောတရားရေးရာ ကွားခြားလာကြခြင်း ရှိခဲ့သော်လည်း ငယ်သူငယ်ချင်းသည် ငယ်သူငယ်ချင်းပင် မဟုတ်ပါလား။ ကတောက်ကဆတ်ဖြစ်ခဲ့ကြသော်လည်း မေတ္တာမပျက်ခဲ့ကြပါချေ။ သည် ကြားထဲကမှ အထူးခြားဆုံးမှာ ဘယ်ဘဝရောက်နေသော သူငယ်ချင်းဖြစ်ဖြစ် ကျွန်တော်တို့ ၏ အမေကို ခင်မင်မပျက် ချစ်မြဲချစ်လျက်သာ ရှိနေကြခြင်းပင်။ ဆရာဝန်ဖြစ်နေသူများကလည်း အမေ့ကျန်းမာရေး၊ သဘော်သားဖြစ်နေသူများကလည်း အမေ့အတွက် လူကြီးအသုံးအဆောင်၊ ကြွယ်ဝချမ်းသာသူများကလည်း ငွေကြေးမုန့်ဖိုး အို- ကုန်ကုန်ပြောကြပါစို့ရဲ့ ။ ကျွန်တော့်

သူငယ်ချင်းတစ်ယောက်ဆိုလျှင်တော်တော်နွမ်းပါးသည် ။ မုန့်ဖက်ထုပ်ရောင်းနေရသည် ။

"ဟော့ကောင် ဗလ၊ ငါ အရင်းပြုတ်သွားပြီ။ ကူညီဦး" ဟု အကူအညီတောင်းတတ်သည့် ကြားမှ ကျွန်တော့်အမေအတွက် သူ့တောင်းထဲက မုန့်ဖက်ထုပ်ကလေးတစ်ထုပ်တော့ဖြင့် အမေ့ပါးစပ်ထဲအရောက် ခွံ့ကျွေးရှာပါသည် ။ ကြည့်စမ်း ဘယ်လောက် ကံကောင်းသည့် အမေပါနည်း။ ကျွန်တော့်သူငယ်ချင်း ဘုန်းကြီးတစ်ပါး ရှိပါသည် ။ စစ်ကိုင်းချောင်မှာ တရားအားထုတ်နေသည် ။ ယင်းဘုန်းကြီးသည် ပင် ရန်ကုန်သို့ရောက်လျှင် အမေ့ဆီ တကူးတကန့် ကြွလာတတ်ပြီး -

"ရော့ မယ်တော်ကြီး စားချင်ရာဝယ်စား၊ ဦးပဥ္စင်းက ဆင်းရဲတဲ့ ဘုန်းကြီးဆိုတော့ဒါလောက်ပဲ စွန့်နိုင်တယ်"

ဟု မိန့်ပြီး ငွေငါးဆယ်မျိုး၊ ကိုးဆယ်မျိုး စွန့်ကြဲသွားတတ်သည် ။ ဘုန်းကြီးကိုအမေက ဝတ္ထုကပ်စရာမလိုပါ။

အမေကလည်း စကားပြော အင်မတန်ကောင်းသည် ။ မှတ်မိမလား မသိ။ ကျွန်တော့်အဖေ အပါအဝင် ကျွန်တော်တို့ သား စာရေးဆရာများ သည် ပင် အမေပြောပြသောရှေးဟောင်းနှောင်းဖြစ် ဇာတ်လမ်းဇာတ်ကွက်များ နှင့် မလွတ်ကြဟု ကျွန်တော် ရေးခဲ့ဖူးသည် ကို။

ဆိုပါစို့။ စောစောကပြောသော ကျွန်တော့်သူငယ်ချင်း ဦးပဥ္စင်းကို အမေက ပြန်၍ ဆုပေးသည့် စကား။

"သား ဦးပဥ္စင်းကို မယ်တော်ကြီးကပဲ ဆုပြန်ပေးရမယ်။ အင်း… သီလနဲ့ ပြည့်စုံတဲ့ အဘိုးကြီး၊ အဘွားကြီးတွေ ဆုပေးရင်

ပြည့်တတ်တယ်နော်။ ကဲကဲ ဟောဒီသား ဦးပဥ္စင်းဘုန်းကြီးအိုကြီး ဖြစ်ပါစေ”

ထိုအခါ သူငယ်ချင်း ဦးပဥ္စင်းသည် ခပ်ရိုးရိုးပင် “ပေးတဲ့ ဆုနဲ့ ပြည့်ပါစေဗျာ”ဟု ဆုယူပါသည် ။ သို့သော် အမေက စကားဆက်သည် ။

“ဒီဆုပေးနည်းဟာ လယ်တီဆရာတော်ဘုရားကြီးက သူ့တပည့် မိုးညှင်းဆရာတော်ဘုရားကြီးကို ငယ်စဉ်က ပေးခဲ့တဲ့ ဆု သားဦးပဥ္စင်းရဲ့ ။ အဓိပ္ပာယ်က ရဟန်းဝတ်ဘဝနဲ့ ပဲ အသက်ရှည်ရှည်ကြီးနေနိုင်ပါစေ။ ဘုန်းကြီးတဲ့ ရဟန်းအိုကြီးဖြစ်ပါစေလို့ ဆုပေးလိုက်တာပါပဲ”

ဤနည်းဖြင့် ဘုန်းကြီးစာချဆန်သော စကားမျိုးကို လိမ္မာစွာ သုံးတတ်ပါသည် ။ ကိုင်း သည် သူငယ်ချင်း ဦးပဥ္စင်းမှ အမေ့အပေါ် သဒ္ဓါမပေါက်လျှင် ဘယ်ဦးပဥ္စင်း ပေါက်နိုင်ပါတော့မည်နည်း။

ကျွန်တော်တို့ တွင် သူငယ်ချင်းများ စွာရှိခဲ့ကြသဖြင့် အမေ့အား ပုံသဏ္ဍာန်များ စွာဖြင့် ပံ့ပိုးခဲ့ကြသည့် အထဲမှ မကြာမကြာ အမေ့ထံ ရောက်လာတတ်သော သူငယ်ချင်းတစ်ယောက်အကြောင်း ပြောချင်ပါသည် ။

နိုင်ငံကျော် ရွှေပုစွန်မုန့်တိုက်ပိုင်ရှင် အဆိုတော် ဇေယျာပွင့် ဖြစ်ပါသည် ။ သူ့ဖခင်က ကွယ်လွန်သူ ဦးပွင့်ကောင်း (တစ်ချိန်က နာမည်ကြီး ပွင့်ကောင်းငါးပိ၊ ငံပြာရည်)။ အဖေတို့ အမေတို့ သည် ငယ်စဉ်ကပင် ဦးပွင့်ကောင်းနှင့် ခင်မင်ခဲ့ကြပါသည် ။ သူတို့ သားနှင့် ကျွန်တော်မှာ လည်း အနုပညာနယ်သို့ ပြိုင်တူဝင်သော သူငယ်ချင်းများ ပါ။ သို့သော်ဇေယျာပွင့်သည် ကျွန်တော့်အမေနှင့် တော့ အရင်က သိပ်မရင်းနှီးခဲ့ပါ။ နောင် ကျွန်တော့်အိမ် သူ

အလည်အပတ်ရောက်ရင်းမှ -

“ဗိုလ်သု... ရော့ ဒေါ်အေးဘုံနဲ့ ကလေးတွေအတွက် ရွှေပုစွန်မုန့်တွေ”

“နိပ်တယ်ဗျာ။ အတော်ပဲ ကျွန်တော့်အမေက အသက်ကြီးမှ ကလေးသွားရေစာတွေသိပ်မက်နေတယ်။ အမေ့ကို ဦးချလိုက်ဦးမယ်။ ခင်ဗျားလည်း ကုသိုလ်ရတာပေါ့”

“ဟာ ဒီလိုလား။ ဒါဆိုနေဦး။ ဒီမုန့်တွေ ခင်ဗျားတို့ ယူထားလိုက်။ အမေကြီးအတွက်ထပ်သွားယူလိုက်မယ်။ စက်ရုံက ဒီနားတင်ပဲ”

ပြောပြောဆိုဆို ဖေယျာပွင့်သည် သူ့မော်တော်ကားဖြင့် အမေ့အတွက် ကောင်းပေ့ဆိုသော မုန့်များကို ကိုယ်တိုင်သွားယူရှာပါသည် ။ ရုတ်တရက် သဒ္ဓါပေါက်သွားပုံရ၏။ သည် အထိလည်း ကျွန်တော့်စိတ်ထဲ တစ်ခါတစ်ရံလမ်းကြုံ ဒါနပြုခြင်းဟု သာ မှတ်ပါသည် ။

သို့သော် တကယ်တမ်း အမေ့အိမ်ပေါ်တက်ပြီး ဦးချကန်တော့ကြသောအခါတွင် ကား -

“ဟဲ့ ဒါဘယ်သူတုံး”

“ကျွန်တော့်သူငယ်ချင်း အဆိုတော်ဖေယျာပွင့်ပါ အမေ။ အမေ့ကို လာကန်တော့တာ။ ဒီမှာ ရွှေပုစွန်ကိတ်မုန့်တွေ”

“ဟဲ့ ရွှေပုစွန်ဆို တယ်နာမည်ကြီးတာပေါ့နော့။ နေစမ်းပါဦး။ ရွှေပုစွန်ဆိုတာ ပွင့်ကောင်းငါးပိ၊ ငံပြာရည်အဆက်တွေ မဟုတ်လား”

“ဟုတ်ပါတယ် အမေကြီး။ ကျွန်တော့်ဖေဖေက...”

"အောင်မယ်လေး ကိုပွင့်ကောင်းပါကွယ်။ အမေတို့ နဲ့ ဆွေမျိုးသားချင်းတွေလိုခင်ကြတာပဲ။ အင်မတန်တော်တဲ့ လူ၊ လာဘ်မြင်တဲ့ လူပေါ့။ သူ မင်္ဂလာဆောင်တုန်းကများ ဆိုရင်..."

ဟု အစချီပြီး ဦးပွင့်ကောင်း မင်္ဂလာဆောင်တုန်းက အမေတို့ အထူးအဆန်းဖြစ်ကြရသည့် ရှေးဟောင်းနှောင်းဖြစ်များကို စတင်ပါတော့သည် ။ စောစောက ကျွန်တော် ပြောခဲ့သလို အမေသည် စကားပြော အလွန်ကောင်းသူဖြစ်လေရာ ကျရာနေရာ၊ ရောက်ရာအကြောင်းမှ စ၍ စီကာပတ်ကုံး ဇာတ်လမ်းဆင်ပြောတတ်သူ ဖြစ်၏။ စကားများ သောအဘွားကြီး တစ်ယောက်မဟုတ်သော်လည်း ဖွဲ့ကာနွဲ့ကာပြောတတ်သူဖြစ်သဖြင့် အမေလေကြောရှည်သော်လည်း နားထောင်သူအဖို့ မငြီးငွေ့ရပါ။ သူ့နေရာနှင့် သူ ခွင်ကျအောင်ပြောနိုင်သည် ကို ကျွန်တော့်သူငယ်ချင်း ဘုန်းကြီးကိစ္စနှင့် ပင် စာဖတ်သူ သဘောပေါက်ပါလိမ့်မည်။

"ဒါနဲ့ သားဖေဖေရဲ့ ကျန်းမာရေးရော"

"ဖေဖေ ဆုံးပါးသွားတာ ၃ နှစ်လောက်ရှိပါပြီ အမေကြီး"

ဇေယျာပွင့် အသံအနည်းငယ်တုန်ခါသွားသည် ကို ကျွန်တော့်အမေက သတိထားမိဟန်တူပါသည် ။ ချက်ချင်းပင် စကားကြောင်းကို တိမ်းပါ၏။

"အင်း သစ္စာ ဓမ္မ၊ ဝီရိယနှင့် စာဂမိတ်၊ ငါးပါးရှိက၊ ကင်းဘိအပယ်၊ နောင်ဝယ်နတ်လူ၊ စိုးမပူတည့်တဲ့ သားရဲ့ ။ ဟော သစ္စာရှိသူ၊ တရားဓမ္မရှိသူ၊ ဝီရိယဓွဲကောင်းသူ၊ စာဂစွန့်လွှတ်စွန့်စားသူ၊ မိတ်မပျက်မလှုပ်တတ်သူ၊ အဲဒီဂုဏ်ငါးပါးနဲ့ ပြည့်စုံတဲ့ သူဟာနောင်ဘဝမှာလူ သို့မဟုတ် နတ်ပဲ မလွဲဖြစ်ရမယ်တဲ့ ။

သားဖေဖေ ငရဲမကျတော့ပါဘူး”ဟူ၍ ဧယျာပွင့်ကို စကားချီလိုက်ပါတော့သည် ။ ကျွန်တော့်သူငယ်ချင်းသည် ထိုစကားကြားမှ မျက်ရည်များ လည်လာပါသည် ။ ပီတိမျက်ရည် ထင်ပါသည် ။

ဤမှ စ၍ ဧယျာပွင့်တစ်ယောက် အမေ့စကား၌ ချည်ပြီးတုပ်ပြီး ဖြစ်သွားရှာပါပြီ။

* * *

အမေသည် စကားပြောရာ၌ အကြောင်းအရာကို စီကာစဉ်ကာ ပြောတတ်သလိုကြားပေါက်ဖြတ်ဝင်လာသော အကြောင်းအရာများ ရှိလာလျှင်လည်း မူလစကား၌ ပြန်၍ အကျုံးဝင်လာစေရန် ဆွဲယူပြောဆိုတတ်ပါသည် ။ ရုပ်ရှင်ဇာတ်ညွှန်း အတတ်ပညာသဘောမျိုးဆိုပါတော့။

“အမေ ဆုပေးရင် ပြည့်တတ်တယ် သား ဧယျာပွင့်ရဲ့ ။ ဘာကြောင့်လဲဆိုတော့အမေက ရှစ်ပါးသီလ လုံခြုံလို့ ပဲ။ အေး ရှစ်ပါးသီလဆိုတာ မင်းတို့ လည်း သိပြီးသားပါလေ။ ဒါပေမဲ့ မင်းတို့ က မေးမယ်။ ဒီအဘွားကြီး ရှစ်ပါးသီလလုံတယ်သာပြောနေ၊ အစားအသောက်ကျတော့ အချိန်မတော်ကြီးလည်း ထစားတာပဲလို့ ။ အေး အမေရှင်းပြမယ်။ အမေဟာ ခုအသက်ရှစ်ဆယ်ပြည့်တော့မယ်။ လူကြီးဆိုတာ အာဟာရလိုတယ်။ အမေ့သွားတွေက ကောင်းတုန်းဆိုတော့ မြိုးမြိုးမြက်မြက် စားချင်၊ ဝါးချင်တယ်။ ညကြီးအချိန်မတော်ဗိုက်ဆာတတ်တယ်။ ဒီတော့ ထုံးစံ ရှစ်ပါးသီလယူရင် နေ့လွဲညစာမစားရတဲ့ သီလကပါနေတယ်။ ဝိကာလဘောဇနာပေါ့လေ။ အဲဒီတော့ အမေ ဘာလုပ်သလဲ။ အဲဒီ

သီလတစ်ပါးကို ဖြုတ်တယ်။ သူ့အစား ပိုပြီးထိရောက်တဲ့ သီလတစ်ပါးကို အစားထိုးတယ်။ ဘာလဲ။ မေတ္တာပို့သီလပေါ့ကွယ်။ အမေက မေတ္တာအမြဲပို့နေတဲ့ သူဆိုတော့ ဟန်မကျဘူးလား။ ပြီးတော့ ညစာမစားတဲ့ သီလထက် မေတ္တာပို့တဲ့ သီလက ပိုပြီးမကောင်းပေဘူးလား။ ကိုင်း ငါ့သားလည်း ကုသိုလ်ရတယ်။ အမေ့မေတ္တာကိုလည်း ရတယ်။ အမေလည်း သားကျွေးတဲ့ မုန့်တွေစားရတယ်”

ဤမျှလောက်ဆိုရင် ဇေယျာပွင့်တစ်ယောက် ကျွန်တော့်အမေကို သူ့အမေနီးပါးကြည်ညိုသဒ္ဓါပွားနိုင်လောက်ပါပြီ။ မုန့်ပဲသရေစာ ဒါနပြုသူကို ကျေနပ်လောက်အောင်ပြောနိုင်သူပါတကား။

“ဒါကြောင့် အမေဆုပေးရင် ပြည့်တယ်လို့ ပြောတာပေါ့။ ဟော ဘာကြာသေးလဲ။ အမေ့အိမ်သတင်းစာပို့တဲ့ သူ။ ဆင်းရဲရှာပါတယ်။ ကလေးတွေကလည်း အများကြီးနဲ့ ။ အဲ ဒါပေမဲ့ သူက အမေ့အပေါ် သဒ္ဓါကလေးတော့ ပေါက်သားကွဲ့။ သတင်းစားဖိုးရှင်းတဲ့ လ ဆ န်း ရ က် တို င်း မှာ အမေ့ဖို့ ဘယာကြော်ကလေးဖြစ်ဖြစ်၊ ကောက်ညှင်းပေါင်းလေးဖြစ်ဖြစ် ဝယ် လာပြီး ကန်တော့သွားတတ်တယ်။ အင်း ခုသား ဇေယျာပွင့်လို မုန့်အကောင်းစားကြီး မဟုတ်ဘူး နော်။ ဒါပေမဲ့ အမေကတော့ ညီတူညီမျှ ဆုပေးမြဲ ပေးတာပါပဲ”

အမေသည် လူတန်းစားမရွေးထားရှိသော သူ့မေတ္တာကိုလည်း အမွှမ်းတင်လိုက်သေး၏။

“သူ့ပြဿနာ သူ့အခက်အခဲ ဘာရှိတယ်ဆိုတာလည်း အမေ မသိပါဘူးကွယ်။ ပေးရိုးပေးစဉ်အတိုင်း ဆုပေးတာပါပဲ။ အဲ တစ်ခုတော့

အမေက ပိုလေ့ရှိတယ်။ ဘာလဲဆိုတော့ အမေ့ကို ခုလို ရှိခိုးကန်တော့ရတဲ့ အကျိုးဟာ ခုချက်ချင်း အမေ့ရှေ့က ခွာသွားသွားချင်း လိုရာဆန္ဒပြည့်ပါစေသတည်းလို့ လေ။ ကြည့်စမ်းကွယ်။ နောက်တစ်နေ့မှာ ပဲ ဝမ်းသာအားရနဲ့ အမေ့ဆီ သူ ပြန်ရောက်လာတော့တယ်”

အကြောင်းကား ထိုသတင်းစာပို့ဆရာကြီး၏ သားတစ်ယောက်ကို သူ သတင်းစာပို့သော အိမ်တစ်အိမ်မှ သဘော်ာကပ္ပတိန်ဆိုသူက ရိုးသားမှုအပေါ် အခြေခံပြီး စီစဉ်ပေးလိုက်ရာ ထိုသူငယ်သည် ဘာမှ မကုန်ကျလိုက်ရဘဲ ဂျပန်နိုင်ငံရောက်ပြီး အလုပ်အကိုင်အဆင်ပြေသွားပါသည် တဲ့ ။

“အမှန်က အမေ့မေတ္တာ၊ အမေ့သီလနဲ့ အမေဆုတောင်းပေးလိုက်တာလည်း ပါတာပေ့ါကွယ်။ တိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်မှာ ပေ့ါ။ ဘာပဲဖြစ်ဖြစ် အဲဒီနောက်ပိုင်းမှာ အမေဟာ အကြားအမြင်ရတဲ့ အဘွားကြီးတစ်ယောက်လို့ တောင် သူတို့ က အထင်ကြီးသွားတော့တာကလား။ အမေ့ဆီက ဓာတ်ပုံတောင်း၊ ဘုရားခန်းမှာ ပူဇော်ပြီး ညတိုင်း မိသားစုရှိခိုးကြတယ်တဲ့ ။ ကြည့်စမ်း အမေ့မေတ္တာတရားကြောင့် အမေဟာ အလိုလိုနေရင်း သူတော်ကောင်း အဘွားကြီးဘဝ ရောက်သွားရတော့တာ။ တကယ်တော့ အမေဟာ ဘယ်ကလာအကြားအမြင်တွေ ဘာတွေရမှာ လဲကွဲ့နော့”

ထို့နောက် အမေသည် ဖေယျာပွင့် ကန်တော့သည့် မုန့်များကိုလည်း စားမည့် အကြောင်း၊ ဉ္ဈေ့သည် တွေလည်း ဧည့်ခံမည့် အကြောင်း၊ ထိုမုန့်မျိုးမစားဖူး၊ မမြင်ဖူးသည့် သူ့လက်တိုလက်တောင်းများကိုလည်း

ဝေကျွေးမည့် အကြောင်းများ ရွှန်းရွှန်းဝေအောင်ပြောပါတော့သည် ။

ထို့နောက် ဇေယျာပွင့်က အမေ့အား ရှိခိုးကန်တော့သဖြင့် ကျွန်တော်ကလည်း အပိုဆု ရလိုရငြား ဝင်ကန်တော့ပါသည် ။ ဦးငါးကြိမ်ချပြီး၍ ဇေယျာပွင့်မျက်နှာ ပြန်မော့လာသောအခါ မျက်ရည်တွေ ခိုးသုတ်နေသည် ကို ကျွန်တော် မြင်လိုက်ရပါသည် ။ သည် တစ်ခါတော့ ပီတိမျက်ရည်သာမကတော့ပါ။ အခြားသော ပြင်းပြသည့် ခံစားချက်ပါပါသော မျက်ရည်တွေဖြစ်မှန်း ကျွန်တော် သိလိုက်ရပါလေပြီ။

"ကဲ အမေကြီး ကျွန်တော်တော့ အရမ်းကို စိတ်ချမ်းသာသွားပြီ။ နောက်နောင်မုန့်လိုတယ်ဆိုရင် ဗိုလ်သုကိုသာ အကြောင်းကြားလိုက်ပါ။ ကျွန်တော် လာပို့ပေးပါမယ်။ ကျွန်တော် မပြတ်ဒါနပြုပ့ါမယ်"

"ဟဲ့ နေဦးသားရဲ့ ၊ မင်းတို့ မုန့်လုပ်ငန်းမှာ အမေကြားဖူးထားတာတစ်ခုရှိတယ်။ မင်းတို့ မုန့်ပုံစံသွင်းတဲ့ အခါ ကျိုးပဲ့သွားတဲ့ မုန့်အကြေတွေရှိတယ်ဆို။ အမေ့ကို ကန်တော့ချင်ရင် အဲဒါမျိုးတွေသာ ကန်တော့ပါကွယ်။ အမေတို့ အဘွားကြီးတွေဆိုတာ မျက်စိတွေလည်း မွဲကုန်ပြီး မုန့်ပုံစံကို မြင်ရတော့တာ မဟုတ်ဘူး ။ စားတဲ့ အခါမှာ လည်း လျှာအရသာခံရုံပဲ ရှိတော့တယ်။ ဒီတော့ မုန့်အကျိုးအပဲ့တွေနဲ့ သာ အမေ့ကို ကန်တော့ပါ။ သားအတွက်အမေပေးတဲ့ ဆုနဲ့ မေတ္တာကတော့ မကျိုးမပဲ့ပါဘူး။ အပြည့်ပဲဖြစ်မှာ ပါ"

အမေ စကားကြွယ်သည် ဟု အစဦ ကျွန်တော်ဆိုခဲ့သော်လည်း ခုလို ထိရောက်အောင် ပြောနိုင်သဖြင့် ကျွန်တော်ပင် ပီတိမျက်ရည်လည်ချင်လာပါသည် ။

"မဟုတ်တာပဲ အမေကြီးရယ်။ ကျွန်တော် လှူနိုင်ပါတယ်။ ပြီးတော့ အကျိုးအပဲ့တွေဆိုတော့ ကျွန်တော့စိတ်က မသန့်ချင်ဘူး"

"အိုကွယ် အလှူခံတဲ့ လူက စိတ်သန့်ပြီးသားပဲ။ ဘာပဲဖြစ်ဖြစ် သားက စေတနာသန့်တယ်ဆို ပြီးတာပဲ။ နောက်ပြီး မုန့်အကောင်းတွေဆိုတာ သားတို့ က ရောင်းနေရတာမဟုတ်လား"

အမေက ရိုးသားစွာပြောသော်လည်း ဧယျာပွင့် အနေခက်မည်ကိုစိုးသဖြင့် ကျွန်တော်က သံတမန်နည်းသုံး၍ စကားဝင်ထောက်ရပါသည် ။

" မဟုတ်ဘူး မေမေရဲ့ ။ ကိုဧယျာတို့ က မုန့်ကို အကောင်းပကတိရောင်းတာထက် အကျိုးအပဲ့တွေကို သံပုံးနဲ့ သိပ်ထည့်ပြီးတော့ ဆိုင်သေးသေးတွေ ရောင်းရတာ ပိုပြီးတွက်ခြေကိုက်တာ" ဟု ဧယျာပွင့်ကို မျက်စပစ်၍ ပြောရပါသည် ။ သည် တော့မှ -

"အေး အေး ဒါဆိုလည်း ပြီးတာပါပဲကွယ်။ အမေ့အဖို့ ကတော့ ဆာတဲ့ အချိန် စားလိုက်ရရင် ကျွေးတဲ့ လူကို ကျေးဇူးတင် မေတ္တာပို့ရတာပဲ။ သာဓုကွယ် သာဓု သာဓု"

* * *

ယခုအခါတွင် ဧယျာပွင့်သည် ကျွန်တော်နှင့် ချိန်းဆိုထားသည် ဖြစ်စေ၊ လမ်းကြုံဖြစ်စေ ကျွန်တော့်မိခင်ကြီးအိမ်သို့ ပုံမှန်လိုလို လာရောက်ကန်တော့ရင်း မုန့်ဒါနပြုနေပါပြီ။ တစ်ခါတစ်ရံ ကျွန်တော်မပါဘဲနှင့် သူ့ဘာသာသူ အမေ့ကို လာကန်တော့သွားတတ်လေသည် ။

ကျွန်တော် ဂရုစိုက်ထားမိတာတစ်ခုတော့ရှိသည် ။ နောက်ပိုင်း သူလာလာကန်တော့သော မုန့်များ သည် တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ စုံလင်လာခြင်း၊ မုန့်အမျိုးအမည်များ ပြောင်းလာခြင်း၊ ကောင်းသည် ထက်ကောင်းလာခြင်းပင်ဖြစ်သည် ။

ဇေယျာပွင့်တစ်ယောက် အမေ့ထံမှ ဘာတရားရသွားသနည်း။ သူ့ခံစားချက်တစ်ခုခုနှင့် အမေ့အား မုန့်ဖြင့် ဒါနပြုရခြင်းသည် ဘာများ တိုက်ဆိုင်ခဲ့လေသနည်း။

အမေ့အား လာရောက်ဂါရဝပြုရခြင်းကို အစွဲအလမ်းတစ်ခု၊ ဝတ္တရားတစ်ခုကဲ့သို့သူ ဘာကြောင့် ပြုနေရသနည်း။

ကျွန်တော့်အဖို့ တွေးစရာတစ်ခုဖြစ်နေသော်လည်း ထိုကိစ္စနှင့် ပတ်သက်၍ ဇေယျာပွင့်နှင့် စကားသော်မှ မစပ်ဖြစ်ခဲ့တော့ပါ။ သို့သော် ပထမဆုံးအကြိမ် အမေ့ထံ သူ လာရောက်ကန်တော့ အမေက "မုန့်အကျိုးအပဲ့တွေသာ ကျွေးပါကွယ်" ဟု ဆိုခဲ့သည် နှင့် ပတ်သက်၍ ဇေယျာပွင့်ထံမှ ပွင့်ထွက်လာသော အမှတ်မထင် မှတ်ချက်စကားက ရိုးရိုးကလေးဖြစ်သော်လည်း ကျွန်တော့်အဖို့ ကား ဖော်ပြရန်ခက်ခဲသော တရားတစ်ခုပါ။

သူက "ဒီမယ် ဗိုလ်သု၊ အမေကြီးပြောတဲ့ အကျိုးအပဲ့ဆိုတဲ့ စကားက သိပ်တာသွားတယ်ဗျ။ အကျိုးဆိုတာ ကျိုးတာ ပျက်နေတာကို ဆိုတာလို့ သာမန်မှတ်ယူလို့ ရပေမယ့် ယပင့်နဲ့ ကျိုးတဲ့ အတွက် အကျိုးရှိခြင်းလို့ လည်း အဓိပ္ပာယ်ရောက်နေပြန်ရောဗျ။ ဘာပဲဖြစ်ဖြစ် အမေကြီးကို ကန်တော့ရတဲ့ အကျိုးဟာ ကျွန်တော့်ဘဝအတွက် အကျိုးထူးတစ်ခုတော့ဖြစ်လာမှာ သေချာပါတယ်" ဟု ပြောခဲ့ပါသည် ။

**မဟေသီ၊ ဖေဖော်ဝါရီ၊ ၁၉၉၈။**

* * *

[ ၄၂ ]

# အမေ၏ မွေးစားသမီး

အမေသည် သားသမီးနီးသော အမျိုးသမီးတစ်ယောက်ဖြစ်သည် ။

ထို့ကြောင့် အိမ်မှုကိစ္စ ဗာဟီရနှင့် သားသမီးကိစ္စ ဗာဟီရအတွက် လက်မလည်အောင် ရှိနေပါသည် ။ အလုပ်ရှုပ်၏ ။

အ ဆိုး ရွား ဆုံး မှာ အမေသည် 'ကျောင်းဆရာမ' အလုပ်ကို လက်မလွှတ်နိုင်ခြင်းဖြစ်ပါသည် ။

'လက်မလွှတ်နိုင်ခြင်း' ဟု ဆိုရသည် မှာ အကြောင်းရှိပါသည် ။ လက်လွှတ်သည် ဆိုသည် မှာ မိမိတွင် လက်ဝယ်ရှိပြီးသား ပိုင်ဆိုင်မှုတစ်ခုကို ပြန်၍ စွန့်လွှတ်လိုက်ရခြင်း ဖြစ်ကြောင်းကိုကား လူကြီးမင်းများ သိပြီးသားပါ။

ဤနေရာတွင် ပြောစရာရှိသည် မှာ ထိုစဉ်ကာလ (ကျွန်တော်ငယ်ငယ်တယ်တုန်းက)တွင် ကျွန်တော်၏ အဖေသည် စာရေးခြင်း၊ ပုံနှိပ်လုပ်ငန်း၊ ထုတ်ဝေရေးလုပ်ငန်းများ ဖြင့်ဝင်ငွေအလွန်ကောင်းနေခဲ့ပါသည် ။ ကုန်ကုန်ပြောလျှင် အမေ့လစာဝင်ငွေသည် အဖေ၏ စီးကရက်ဖိုးမျှသာရှိပါသည် ။

သို့သော် အဖေသည် သူ့မိန်းမကို အလုပ်လုပ်ခိုင်းခဲ့ပါသည် ။

“မိန်းမဆိုတာ အလုပ်မရှိလျှင် လာသမျှလမ်းပေါ်က ဈေးတွေခေါ်ပြီး စားတော့တာပဲကွ” ဟု တစ်ခါကပြောခဲ့ဖူးသည် ကို ကျွန်တော် မှတ်မိနေပါသည် ။

“ရှင်က အလုပ်ထွက်ခိုင်းရင်လည်း ရှင်နဲ့ ကျွန်မ ရှေ့ဆက်ခရီးမသွားတော့ဘူး။ ကျွန်မလည်း ငယ်ငယ်ကတည်းက အလုပ်လုပ်ခဲ့တဲ့ မိန်းမပါ” ဟု အမေပြန်လည်ချေပသည် လည်း မှတ်သားဖူးပါသည် ။

မည်သို့ပင်ရှိစေ ကျွန်တော်ပြောလိုသည် မှာ အမေရော အဖေပါ အလုပ်၌ နစ်မျောပျော်ပိုက်နေခြင်းကို ဖြစ်ပါသည် ။

သည့် အတွက် အကျိုးဖြစ်ထွန်းခဲ့ရသည် ကား ကျွန်တော်တို့ သားသမီးများ မတောင့်မတ မကြောင့် မကြ နေနိုင်ခဲ့ရခြင်း၊ ရွှေပေါ်မြတင် မဟုတ်သည့် တိုင် အားငယ်စရာမရှိဘဲ ကြီးပြင်းလာခဲ့ရခြင်းဖြစ်ပေတော့သည် ။

သို့သော် အပြစ်ကား ရှိနေပြန်သည် ။

ကျွန်တော်တို့ သည် အဖေ အမေတို့ ရင်ခွင်တွင် အချိန်ပြည့်မနေရဘဲ သူများ တကာလက်ပေါ် ကြီးပြင်းလာရခြင်းဖြစ်ပါသည် ။

သည့် အတွက် မိဘမေတ္တာကို အပြည့်အဝ မခံစားရသည့် တိုင် မိဘကိုချစ်သောမိဘကချစ်သော ချစ်ခြင်းမေတ္တာကိုကား ခံစားနိုင်ခဲ့ပါသည် ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ကို ထိန်းကျောင်းချီပိုးခဲ့သော သူများ ၏ မေတ္တာကိုလည်း ခံစားသိရှိလာတတ်ရပေတော့သည် ။ သူတို့ ပေါ်တွင်

လည်း မေတ္တာသက်ဝင် ချစ်ခင်တတ်မှုကို သိလာခဲ့ရတော့သည် သာ။

* * *

အဖေနှင့် အမေ အလုပ်များ နေသဖြင့် ကျွန်တော်တို့ သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်ရန် အိမ်ဖော်ငှားရသည် ဆိုပါစို့ဗျာ။

'အိမ်ဖော်' ဆိုသည့် စကားသည် လူနားလည်အလွယ်ဆုံးမို့ သုံးနှုန်းလိုက်ရသော်လည်း တကယ်တမ်းတော့မူ အဖေတို့ သည် မွေးစားထားသည့် သဘော အသက်(၁၂ နှစ်၊ ၁၃နှစ်အရွယ်) မိန်းကလေးသုံးဦးကို သမီးနှင့် မခြား အိမ်သို့ခေါ်ယူ၏။ လစာလည်း သူတို့ မိဘများ ထံသို့ ပို့လိုက်ကြခြင်းသာဖြစ်ပေသည် ။

ဤသို့ဖြင့် ကျွန်တော်တို့ သည် သူတို့ လက်ပေါ်မှာ ပင်ကြီး၍ အစ်မအရင်းအချာသဖွယ်ဖြစ်ခဲ့ရသလို သူတို့ ကလည်း ကျွန်တော်တို့ အပေါ် မောင်ငယ်ရင်းချာ။

ကောင်းပြီ။ ထိုစဉ်က ကျွန်တော်တို့ ညီအစ်ကိုလေးယောက်။

သို့သော် အမေမွေးစားထားသည့် အမျိုးကသုံးယောက်။ ပြဿနာကား သိပ်မရှိလှပါ။ ကျွန်တော်၏ ညီအစ်ကိုနှင့် ကျွန်တော်က လေးနှစ်ခြားနေသောကြောင့် ကျွန်တော့်အစ်ကိုအတွက် တာဝန်မကြီးလှ။ ပြောလျှင် နားလည်သောအရွယ်ရောက်နေပြီမို့ လက်လွှတ်ထား၍ ရသည် ။ ပြီးတော့ သူက ငယ်ငယ်ကတည်းက လူအေး။ ကျွန်တော်သာ လူဆိုး။

ထို့ကြောင့် ဆိုးလွန်းသော ကျွန်တော့်ကိုလည်း သည်းညည်းအခံနိုင်ဆုံး အမေ့မွေးစားသမီးက တာဝန်ယူရ၏။

ဘယ်လောက်ထိများ ဆိုးလိုက်ပါသလဲဆိုလျှင် ကျွန်တော် အိပ်ပျော်နေသောအချိန်မှ စ၍ နိုးသည့် အချိန်ထိ (ကလေးတစ်ယောက် အိပ်ချိန်ပေါ့ဗျာ) ကျွန်တော်အိပ်သောပုခက်ကို ရပ်လို့ မရဘူး။ တစ်ချိန်လုံး လွှဲနေရသည် ။

ညပိုင်းများကျတော့လည်း ကျွန်တော်၏ အထိန်းတော်သည် ဘယ့်နှယ်လုပ်ပြီးတစ်ညလုံး ထိုင်လွှဲနိုင်ပါမလဲဗျာ။

သည် အခါ ကျွန်တော်၏ အဖေသည် သူရိုက်နေသော အောက်ထပ်က ပုံနှိပ်စက်(တစ်ညလုံး ကြော်ငြာတွေ ဘာတွေရိုက်ရတာကိုး) နှင့် အပေါ်ထပ်ကြမ်းပြင်ကို အပေါက်ဖောက် ကြိုးသွယ်ပြီး ကျွန်တော်၏ ပုခက်နှင့် ဆက်သွယ်ရေးလုပ်ထားရသည် အထိ။

စဉ်းစားသာကြည့်ပါဘိ။ ထိုဒဏ်မျိုးကို ခံနိုင်ရှာသူကား ကျွန်တော်၏ အထိန်းတော်'မမစိန်'

* * *

မမစိန်ဟု ကျွန်တော်ကခေါ်ဆိုပေမဲ့ တစ်အိမ်လုံးကတော့ 'စိန်စိန်ကြီး' ဟု သာခေါ်ဆိုကြလေသည် ။ အဘယ့်ကြောင့် ဆိုသော်....၊ ကျွန်နှစ်ယောက် (ကျွန်တော့်၏ ညီနှစ်ကောင်အတွက်)တွင် ဒီလိုပဲ အမည်ရှိသူတစ်ယောက်ပါသောကြောင့် ဖြစ်လေသည် ။ နောက်ဆုံးတစ်ယောက်ကား 'မမမာ' ။

ထို့ကြောင့် စိန်စိန်နှစ်ယောက်တွင် ကျွန်တော်၏ မမစိန်ကို စိန်စိန်ကြီးဖြစ်စေပြီး ဒုတိယမမစိန်မှာ စိန်စိန်လေး ဖြစ်ရတော့သည် ။

ထိုသုံးယောက်တွင် ကျွန်တော်၏ စိန်စိန်ကြီးသည် အ,အဆုံး။

စိန်စိန်လေးကား လျှင်လိုက်သည် မှ ပါးပါးလှပ်၊ မမမာကား မုန့်ဟင်းခါးဆိုင် မနက်တိုင်းထိုင်ရလျှင် ကျေနပ်တတ်သူ။ ထားပါ။ ကျွန်တော် ပြောလိုသည် မှာ ကျွန်တော်၏ မမစိန်ကြီး အ ပုံ န ပုံ။

* * *

မမစိန်ကြီးသည် အသော၊ နသော မိန်းမတစ်ယောက်ဖြစ်သော်လည်း မေတ္တာတရားကား ကြီးမား၏။ (ရိုးသားသူသည် မေတ္တာတရားကြီးမားသည် ဟု ထင်ရပါသည် )

အဘယ့်ကြောင့် ဆိုသော်......သူ အပျိုပေါက်ရွယ်က။

ဟိုလူ့အရောဝင်၊ သည့် လူ့အရောဝင် လုပ်မိရာက လူတစ်ယောက် သူ့ကိုအထင်သေးပြီး ဖက်လဲတကင်းပြုသည် တွင် ပါးရိုက်ဖူးကြောင်း ကျွန်တော် သိခဲ့ရဖူးပါသည် ။ မေတ္တာတရားနှင့် ဖော်ရွေခြင်းကား တခြားစီ။

ကျွန်တော် သူ၏ မေတ္တာတရားကို ပြောပြလိုခြင်းသည် ပင်လျှင် ဤ ‘အမေ၏ မွေးစားသမီး’ ဝတ္ထုပင် ဖြစ်ပါတော့သည် ။

* * *

တစ်နေ့တွင် မမစိန်ကြီးသည် ချစ်သူကိုတွေ့လေ၏။ မကြာမတင်မှာပင် အဖေနှင့် အမေ့ကို ဦးတင်ပြီး (စာဖြင့်) ခိုးရာလိုက်ပြေးပါလေတော့သည် ။

သူ့အမျိုးသားကား တပ်မတော်သား။

အဖေတို့ က ခွင့်လွှတ်ကြည်ဖြူကြသည် ။ ထိုတပ်မတော်သားလေးအား မြင်လိုက်ရုံနှင့် နှစ်လိုဖွယ် သူငယ်ဟူ၏

တဲ့ ။

ကြာခဲ့ချေပြီ။

မမစိန်ကြီး အိမ်မှ ထွက်သွားသည် မှာ ကြာခဲ့ပါချေပြီ။ ကျွန်တော်လေးငါးနှစ်သားမှ ထွက်သွားလိုက်သည် မှာ ယခု ကျွန်တော်စာရေးဆရာဖြစ်လာသည့် အချိန်ထိ။ မမစိန်ကြီးသည် တလောဆီက ကျွန်တော်၏ အမေ့အိမ်သို့ ပြန်ရောက်လာသည် ကို တွေ့ရပြန်သည် ။

ကျွန်တော်လည်း အံ့သြစွာဖြင့်-

"ဟင်...မမစိန်ကြီး ဘယ်ကနေ ဘယ်လို...."

ကျွန်တော်၏ စကားမဆုံးမီမှာ ပင် သူသည် မျက်ရည်လည်ရွဲဖြင့် သူ့ဘဝအကြောင်းကို ပြန်ပြောရှာပါလေသည် ။ သို့သော်...၊သူသည် ရိုးသားလွန်းသူပီပီ သူ့စကားအတိုင်း ကျွန်တော် ပြန်ပြောပြရလျှင် လူကြီးမင်းများ နားရှက်ဖွယ်ရှိသည် ဖြစ်ပါ၍ အကျိုးအကြောင်းကို ကျွန်တော်ကပင် အဆင်ပြေအောင် ပြောပြပါတော့မည် ခင်ဗျား။

* * *

ရှေ့တန်းသို့ရောက်ရှိနေသော ကျွန်တော်တို့ ၏ ကျေးဇူးရှင် တပ်မတော်သားများ သည် မိခင်တပ်ရင်းမှ နေ၍ ဟိုး...ဟို... ရှေ့တန်းသို့ တစ်ဆင့်ပြီးတစ်ဆင့် စစ်ဆင်ရေးအတွက်သွားကြရသည် မှာ ကျွန်တော်တို့ သိပြီးသား အကြောင်းအရာသာဖြစ်ပါသည် ။

ရှေ့တန်းတစ်နေရာသို့ စစ်ထွက်သည့် အခါများ တွင် ရဲဘော်တို့ သည် သူတို့ ၏ မိသားစုများကို ဖက်လဲတကင်းနှုတ်ဆက်ထွက်သွားကြသလို ပြန်လာလျှင်လည်း သူတို့

မိသားစုများက ဝမ်းသာအယ်လဲပါပဲ။

ဒါကတော့ ခမ္မတာ။

အဲ-ကျွန်တော်၏ အစ်မ၊ မမစိန်ကြီး၏ ‘ခင်ပွန်းသည် ’ တပ်မတော်သားသည် လည်း ရှေ့တန်းသို့ မကြာမကြာထွက်ရသူဖြစ်လေသည် ။

စစ်ထွက်ရသူတို့ သဘာဝမှာ တိုင်းပြည်အတွက် တစ်ခါစစ်ထွက်ရတိုင်း တစ်ခါအသက်စွန့်ရသည့်သဘော ဖြစ်ပါသည် ။

ဆိုလိုသည် မှာ မိမိအကျိုးထက် လူများ စုအကျိုးကိုကြည့်ပြီး မိမိအသက်ကို စွန့်စွန့်စားစားပေးလှူရန် အကြိမ်ကြိမ်ကြိုးစားနေခြင်းပင် မဟု က်ပါလား။ ‘အသက်စွန့်သည် ’ ဆိုသည့် စကားနှင့် ပတ်သက်၍ ကျွန်တော်ဖြင့် သည် သို့နားလည်ထားပါသည် ။

ကောင်းပါပြီ။

ထိုသို့ စွန့်စွန့်စားစား ရန်သူ့ထံသွားကြသော ရဲဘော်များ သည် ရှေ့တန်းမှ နေ၍ မိမိတပ်စခန်းအသီးသီးသို့ ပြန်ရောက်လာကြသောအခါ အားလုံးပြန်ပါလာကြပါသလား ….။

တစ်ယောက်တလေ၊ နှစ်ယောက်နှစ်လေ၊ သုံးယောက်သုံးလေစသည် ဖြင့် တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည် ကို အများ သိပါသည် ။

ကျွန်တော်ပြောလိုသည် မှာ ထိုတပ်မတော်သားတို့ ၏ ကျန်ရစ်သူမိသားစု၊ ဇနီးသားသမီးစသည် ဖြင့် … ကိုဖြစ်ပါသည် ။

ရဲဘော်တို့ သည် ရှေ့စစ်မျက်နှာမှ ပြန်လာကြပြီဆိုပါစို့။

ဇနီး၊ သားသမီး၊ မိဘဆွေမျိုးများက ကြိုဆိုကြလေသည် ။

ရှေ့တန်းပြန် လင်သား၊ မောင်ဖွား၊ သား၊ အဖေ၊ ဦးလေးစသည် ဖြင့် ပြန်လည်ရောက်ရှိလာသူများ အဖို့ ကား မိသားစုနှင့် ဖက်လဲတကင်းရှိကြသော်လည်း ရှေ့တန်းတွင် အသက်ပေးလှူကျန်ရစ်ရှာသူများ အဖို့ ကား....

ကျွန်တော်၏ မွေးစားအစ်မ စိန်စိန်ကြီးသည် လည်း သူ့မျက်စိရှေ့မှာပင် ဤကဲ့သို့သောကနှင့် ကြုံရသော မိသားစုများကို မြင်ရဖန်များသောအခါ သူ့ယောကျ်ားအတွက်တစ်ခါစစ်ထွက် တစ်ခါစိတ်ပူဆိုသလို ဖြစ်ရရှာလေသည် ။ ဒါကတော့ သူသူကိုယ်ကိုယ်ဓမ္မတာပေ့ါဗျာ။

သို့သော် မစိန်ကြီးကား အလွန်ရိုးသားသူပီပီ လွန်လွန်ကဲကဲ စိတ်ပူပန်ခြင်းဖြစ်ရသည် မှာ ...

တစ်နေ့တွင် သူ့ယောကျ်ားသည် စစ်ထွက်ဖို့ စီစဉ်ရလေသည် ။ ထိုအခါ-

"ကျွန်မလည်း ရှင်နဲ့ အတူ ရှေ့တန်းကိုလိုက်မယ်"

"ဟာ...မဖြစ်နိုင်တာပဲကွာ၊ စစ်တိုက်ထွက်တယ်ဆိုတာ ပျော်ပွဲစားထွက်တာမဟု က်ဘူး။ သားသမီး ဆွေမျိုးသားချင်းတွေ ခေါ်သွားလို့ ရတာမှ မဟုတ်တာ"

"ကျွန်မ ရှင့်ကိုစိတ်မချဘူး၊ တော်နေ ဟိုအေးဘုံယောကျ်ား ဆရာဗလ ကျသလိုကျကျန်ခဲ့ရင် ကျွန်မ ရင်ကျိုးရမှာ "

ဤသို့လျှင် သူတို့ လင်မယား အချီအချ စကားများကြပါသည် ။ စကားများ သည် ဆိုရာ၌ ရန်ဖြစ်ကြခြင်းမဟုတ်။ ရှေ့တန်းသို့ စစ်ထွက်ရခြင်းအကြောင်းကို မသိရှာသောမမစိန်ကြီးကို

သူ့ယောက်ျားက ဖျောင်းဖျပြောဆိုနေရခြင်းကို ဆိုလိုပါသည် ။ နောက်ဆုံးမတော့…

"ကိုင်း… ကိုင်း မင်း ဒီလောက်တောင် လိုက်ချင်ရင် ဒီလိုလုပ်၊ တို့ မှာ အိပ်ရာလိပ်အပိုတစ်ခုရှိတယ်မဟုတ်လား။ ငါသွားခါနီးတော့ အဲဒီအိပ်ရာလိပ်အပိုထဲမှာ မင်းကို ထည့်လိပ်ထားပေးမယ်။ တို့ စစ်ထွက်တဲ့ အခါကျတော့ ပစ္စည်းပစ္စယတွေ တင်တဲ့ အခါ မင်းပါအလိုလိုပါလာရော။ မကောင်းဘူးလား"

"အင်း… အင်းကောင်းတယ်"

ဤသို့အားဖြင့် မမစိန်ကြီး၏ ယောက်ျားရဲဘော်သည် မမစိန်ကြီးအား ချွေးသိပ်ရှာခဲ့၏။

ချွေးသိပ်သည် ဆိုပေမယ့် တကယ်စစ်ထွက်သောနေ့တွင် မူလပြောထားသည့် အတိုင်းသူ့ချစ်ဇနီးအား အိပ်ရာလိပ်အပိုတစ်ခုအတွင်း၌ ထည့်၍ လိပ်လေ၏။ မိမိ၏ ဒိုးတူပေါင်ဖက် ရဲဘော်များအားလည်း မျက်စပစ်လေ၏။

ဤသို့အားဖြင့် စစ်ထွက်သောနေ့သို့ရောက်သောအခါ မူလအစီအစဉ်အတိုင်းမမစိန်ကြီးအား အိပ်ရာလိပ်အပိုတစ်ခုတွင် ထည့်၍ လိပ်လေ၏။ ထို့နောက် အခြားရဲဘော်များ နှင့် အတူ မိမိစစ်ထွက်ရမည့် မော်တော်ယာဉ်အနီးတွင် အခြားအိပ်ရာ တကယ့်အိပ်ရာလိပ်များ နှင့် အတူ ချထားလေ၏။

သို့သော်…

တကယ်တမ်းကျတော့မူ ကျွန်တော်၏ မမစိန်ကြီး (အမေ၏ မွေးစားသမီး)အား သူ့ယောက်ျားသည် အဘယ်သို့လျှင် ရှေ့တန်းသို့

ခေါ်ဆောင်သွား၍ ရပါအံ့နည်း။

အထက်အကြောင်းအရာကို သိပြီးဖြစ်သော အခြားရဲဘော်ရဲဘက်များကလည်း ကရုဏာ ဟာသဖြင့်ပင် မိမိတို့ နှင့် သက်ဆိုင်သောပစ္စည်းများကိုသာ မော်တော်ယာဉ်ပေါ်တင်ဆောင်၍ မမစိန်ကြီးပါသော အိပ်ရာလိပ်ကိုကား စိတ်မကောင်းစွာ (သူ့ယောက်ျားအလိုအတိုင်း၊ မဖြစ်နိုင်သည့် အတိုင်း) ထားရစ်ခဲ့လေတော့သည် ။

စစ်ထွက်မော်တော်ယာဉ် ထွက်ခွာသွားသောအခါ မမစိန်ကြီး ပုန်းအောင်းနေသောအိပ်ရာလိပ်သည် သည် အတိုင်း လမ်းမပေါ်မှာ ကျန်ရစ်ခဲ့ရှာလေသတည်း။

**စစ်ပြန်၊ စက်တင်ဘာ၊ ၁၉၈၃။**

* * *

[ ၄၃ ]

# အလွမ်းသေးသေးကလေး

ကျွန်တော်သည် ခရီးယာယီ အလွန်များ သူတစ်ယောက် ဖြစ်ပါသည် ။

တစ်နှစ်တစ်နှစ်ပြန်၍ ဆန်းစစ်ကြည့်သည် ။ ခြောက်လလောက်သာ ရန်ကုန်မှာ ရှိနေတတ်ပြီး ကျန်နှစ်ဝက်လောက်က နယ်တွေမှာ ရောက်နေတတ်သည် ။ ထိုရန်ကုန်မှာ ရှိသည့် ရက်များကို ပိုင်းဆစ်ပြန်လျှင်လည်း ညပိုင်းလောက်သာ အိမ်မှာ ရှိသည် ကများ ပြီး မော်တော်ကားတစ်စီးဖြင့် တစ်နေရာမဟုတ် တစ်နေရာ တစ်နေကုန် သွားနေတတ်သူဖြစ်ပါသည် ။ ထိုတစ်နေရာ၌ လည်း ကြာကြာမနေတတ်ဘဲ နောက်တစ်နေရာသို့ သွားတတ်ပြန်ပါသည် ။

အလုပ်များ လွန်းသဖြင့် ခရီးယာယီများ လွန်းတာလည်း ပါသလို အငြိမ်ကိုမနေတတ်သဖြင့် တစ်နေရာမှ တစ်နေရာရာသွားနေတတ်ခြင်းလည်း ပါပါသည် ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် တစ်နေရာတည်းတွင် ကြာကြာမနေတတ်သူတစ်ယောက်ဖြစ်သည် ကား သေချာပါသည် ။

‘စိတ်’ ရော ‘ကိုယ်’ ရော ‘ဦးနှောက်’ ရော ဖြစ်ပါသည် ။

ဂနာမငြိမ်သူ ဟူ၍ လည်းကောင်း၊ ခြေထောက်ဖွေပါနေသူ ဟူ၍ လည်းကောင်း ခေါ်လိုကလည်း ခေါ်ဆိုနိုင်ပေသည် ။

အဆိုးရွားဆုံးအချက်နှင့် ကျွန်တော့်အား အားပေးအားမြှောက် အလုပ်ဆုံးအချက်ကား…

ကျွန်တော့်တွင် နေစရာအိမ် ငါးလုံးရှိနေခြင်းပင် ဖြစ်ပါတော့သတည်း။

အဖေ၏ အိမ်

အမေ၏ အိမ်

အစ်ကို၏ အိမ်

ကျွန်တော်ပိုင်သောအိမ်နှင့် ….

ဆေးရုံတို့ ပင် ဖြစ်ကြလေသည် ။

ထိုနေရာငါးခုစလုံးကို ကျွန်တော်၏ အိမ်ဟု သတ်မှတ်ရခြင်းမှာ ကျွန်တော်သည် ထိုနေရာငါးခုတို့ တွင် အလှည့်ကျအရက်ဖြတ် နေထိုင် အနားယူတတ်သောကြောင့် ဖြစ်ပါသည် ။

ဆိုပါစို့။ ကျွန်တော့်အဖေအိမ်တွင် အရက်ခိုးသောက်နေရင်းမှ အရက်ဖြတ်ချင်စိတ်ပေါ်လာလျှင် ကျွန်တော့်အမေအိမ်သို့တစ်လှည့် သွားအနားယူရင်း ချစ်သောယစ်ရွှေရည်နှင့် စစ်ခင်းလေ့ရှိသည် ။

အမေ့အိမ်မှာ ဖြစ်ပြန်ပြီဆိုလျှင် အစ်ကိုကြီးအိမ်၊ နောက်တစ်ခါဆိုလျှင် ဆေးရုံ။ ရာသီစက်ခွင်သည် ရပ်တန့်နေသည် ဟူ၍ မရှိရကား…

ထိုငါးနေရာစလုံးသည် ကျွန်တော်၏ 'ရည်' သံသရာလည်ရာ ကျွန်တော်ပိုင်အိမ်ရာများ ဖြစ်ကုန်ကြလေတော့သည် ဖြစ်ကုန်၏။

ထူးခြားသည် မှာ ကျွန်တော်သည် ခရီးယာယီများ သလောက် တစ်နေရာမှ တစ်နေရာပြောင်းတိုင်း၊ လက်ရှိနေရာအရပ်မှ နောက်တစ်နေရာသို့ ပြောင်းခါနီးတိုင်း မူလနေရာကို မခွဲနိုင် မခွာရက်ဖြစ်ရခြင်းပင် ဖြစ်ပါသည် ။ အဲ… နောက်တစ်နေရာရောက်ပြန်လျှင်လည်း 'ယင်း' အတိုင်းပင် ဖြစ်နေပါသည် ။ အဲ… ပြီးတော့လည်း တစ်နေရာတည်းမှာ ကြာကြာမနေတတ်သည့် ဘဝပေးဉာဉ်ကလည်း ဘယ်လိုမှ ဖျောက်လို့ မရ။

တစ်ခါတစ်ခါ ကျွန်တော် စဉ်းစားကြည့်သည် ။ ကျွန်တော်၏ စိတ်သည် မှန်မှ မှန်ပါရဲ့ လားဟု …။

မှန်သည် မမှန်သည် အပထားလို့ ရောက်လေရာအရပ်တိုင်းတွင် 'ဝေဒနာ' တစ်ခုခုတော့ ခြေရာကျန်ရစ်တတ်သည် ကတော့ သေချာပါသည် ။

သို့သော် ကြာရှည်စွာ ခံစားနေရခြင်းလည်း မရှိ။

တစ်မျိုးပဲ၊ ဒေသစွဲရှိသည် လည်း မဟုတ်၊ မရှိသည် လည်း မဟုတ်။

ပုံမှန်ဆွမ်းခံကြွသော သာမဏေငယ်ကဲ့သို့ ဖြစ်နေပုံရသည် ။ တစ်အိမ်တည်း၌ သာယာ၍ လည်း မနေ၊ ဆွမ်းလောင်းအိမ် တစ်အိမ် အိမ်သို့လည်း မေ့လျော့ထား၍ မရဟု ဆိုရမည်သို့ ရှိလိမ့်မည်။

အဖေ့အိမ်သည် ဆိတ်ငြိမ်အေးချမ်း၏။ ကျွန်တော်၏ အလုပ်လက်ခံရာဌာနလည်း ဖြစ်၏။ ထိုနေရာမှ အခြားတစ်နေရာသို့

သွားရပြီဆိုလျှင် ထိုဆိတ်ငြိမ်ခြင်း၊ အလုပ်လုပ်ရခြင်း ဟူသော အရာကိုသာ လွမ်းနေတတ်တော့သည် ။ သို့သော် တစ်ရက်နှစ်ရက်မျှသာ။ ဟိုမှာ ပျော်သွား၏။ သို့သော် ရောက်ဖြစ်အောင်တော့ ပြန်သည် သာ။ ကျွန်တော်သည် အဖေနှင့် အနေများ သူမဟုတ်လား။

အမေ့အိမ်ကား ဆူကြုံနိမ့်မြင့်သော ဆွေမျိုးဉာတကာတို့ စုဝေးရာအရပ်ဖြစ်သဖြင့် ဆူညံ၏။ ပြဿနာပေါင်းစုံ၏။ သို့သော် အနေကြာတော့ ပျော်စရာကောင်းလာ၏။ သို့သော် ဆိုခဲ့သည့် အတိုင်းပင် ခြေဖဝါးယားယံတတ်သော ကျွန်တော်သည် နောက်တစ်နေရာသို့ ပြောင်းပြန်ပြီဆိုပါစို့။ ထိုနေရာသို့ရောက်စတွင် နေမထိထိုင်မသာဖြစ်ကာ အမေ့အိမ်၏ ဆူညံခြင်းကို လွမ်းပြန်သည် ။ တစ်ရက်တန်သည် နှစ်ရက်တန်သည် ပေ့ါလေ ဟိုမှာ ပျော်ပြန်၏။

ကျွန်တော်၏ အိမ်အကြောင်းကား သိပ်ပြီးပြောစရာမရှိ။

ဘာကြောင့် ဆိုသော် ကျွန်တော့်အိမ်သည် ဆောက်သာဆောက်ထားပြီး ကျွန်တော်အခြေကျနေသော အိမ်မဟုတ်သောကြောင့် ဖြစ်သည် ။ အမြဲသော့ခတ်ထားသော ကျွန်တော့်အိမ်သို့ တစ်ခါတစ်ရံ သွားနေဖြစ်သောအခါ၌ပင်လျှင် အိမ်မှ ပြန်လည်ထွက်ခွာသောနေ့တွင် လူမနေသော ထိုအိမ်ကိုပင် လွမ်းပြန်၏။ ကိုယ့်ရင်သွေးအရင်းအချာကိုး။

နယ်ဒေသများ သို့ လုပ်ငန်းဖြင့် ရောက်ရသည့် တိုင် ကျွန်တော်တည်းခိုသောအိမ်သည် ကျွန်တော် ပြည်တော်ပြန်လျှင် လွမ်းစရာတစ်ခုဖြစ်မြဲပင်။

ဆေးရုံတက်ရစဉ်ကလည်း ဝေဒနာပျောက်ကင်း၍ ဆေးရုံမှ

ဆင်းရသည့် တိုင် အိမ်ပြန်ရောက်တော့ ဆေးရုံကိုလွမ်းသဖြင့် ဆေးရုံသို့တစ်ကြိမ်၊ နှစ်ကြိမ်ဆိုသလို အလည်အပတ်သွားလိုက်သေး၏။ ကျွန်တော် အိပ်ခဲ့သည့် ခုတင်တွင် အခြားလူနာတစ်ယောက်ရောက်နေသည် ကိုပင် မနာလိုချင်သလိုလို။

ကုန်ကုန်ပြောကြကြေးဆိုလျှင် (၇၅ ခုနှစ်) လောက်ဆီက မတော်တဆ အချုပ်ကျခဲ့ရာက လွတ် လာပြီး တစ်ပတ်မပြည့်သေး။ ကျွန်တော် အိပ်ခဲ့သော အဆောင်မှူးအိမ်သို့ ရောက်ဖြစ်အောင် အလည်ရောက်လိုက်သေး၏။ အဆောင်မှူးအိမ်မှ ကြည့်လျှင် ထောင်အုတ်တံတိုင်းကြီးကို အနီးကပ်မြင်နိုင်သည် မဟုတ်ပါလားဗျာ။

သည် တစ်ကြိမ် ကျွန်တော်နှင့် ယစ်ရွှေရည် စစ်ခင်းရာဒေသသည် ကား ကျွန်တော်၏ အစ်ကိုအိမ်ဖြစ်ပါသည် ။ ကိုကိုနှင့် ဇနီးသည် မိသားစုအသိုင်းအဝိုင်းသည် လေးငါးရက်လောက် ကျွန်တော်၏ ဝေဒနာကို ဒုက္ခခံစားကြရရှာသည် ။

အစ်ကို၏ အိမ်တွင် အစ်ကိုက စာရေးပြီး ဇနီးသည် က အသုပ်စုံဆိုင်ဖွင့်သည် ။ ပီဘိမြန်မာစာရေးဆရာအိမ်မျိုးဖြစ်သည် ။ ဆန့်ကျင်ဘက်တို့ လှပစွာ ပေါင်းစည်းရာအရပ်ဖြစ်သည် ။

သို့သော် ကျွန်တော်သည် ရောက်စရက်များက စွန့်ခွာခဲ့ရာ ဝင်ဒါမီယာ ဖခင်အိမ်သို့ ထုံးစံအတိုင်း လွမ်းပါသည် ။ နောက်တော့ အစ်ကို့အိမ်မှာ ပျော်လာသည် ။

ပျော်လို့ မှ ဘာမျှမကြာလိုက်ရ ကျွန်တော်၏ ဇနီးနှင့် သားသမီးများ ၊ ကျွန်တော်ပိုင်(သော့ခတ်ထားသော) အိမ်ကြီးသို့ရောက်ကြပြီဟု သတင်းရောက်လာပါတော့သည် ။

ဘာပဲဖြစ်ဖြစ် အစ်ကိုဖြစ်သူကို ဆက်လက်ဒုက္ခပေးလိုစိတ်

ရှိသေးသော်လည်း ဇနီး၊သား၊ သမီးများ နှင့် ကိုယ့်အိမ်ကိုယ့်ရာသို့သာ ကျွန်တော် သွားရမည်မဟုတ်ပါလား။ သွားပါသည် ။

အစ်ကို့အိမ်ကို စွန့်ခွာရပြန်ပြီ။

အသုပ်စုံဆိုင်၏ အရသာ၊ လူသူလေးပါး၏ အတွေ့အထိ၊ အစ်ကိုဖြစ်သူ၏ အယုအယတို့ ကို လွမ်းရပြန်ပါပြီ။

* * *

ထို့ကြောင့် ပြောင်းပြီးနောက်တစ်နေ့မှာ ပင် အစ်ကို့အိမ်သို့ အလည်တစ်ခေါက်ပြန်သွားဖြစ်ပါသည် ။ အေးမြသောတွင်းရေကို သွားချိုးပါသည် ။ အလွမ်းသွားဖြေပါသည် ။

ဘယ့်နှယ်ဗျာ… အိမ်ချင်းက ကပ်လျက်ပဲဟာ။

ချယ်ရီ၊ ဇူလိုင်၊ ၁၉၈၆။

* * *